# မြန်မာ – ကဏ္ဍပေါင်းစုံ ကနဦးလိုအပ်ချက် လေ့လာ ဆန်းစစ်မှု (MIRA)
## စံချိန်စံညွှန်းညီ လုပ်ထုံးလုပ်နည်းများ - SOPs (၂၀၂၃ ဇူလိုင်တွင် နောက်ဆုံးအကြိမ် ပြင်ဆင်မွမ်းမံထားသည်)

**ကဏ္ဍပေါင်းစုံ ကနဦးလိုအပ်ချက် လေ့လာဆန်းစစ်မှု (MIRA)**

သဘာဝဘေးအန္တရာယ်ရုတ်တရက် ကျရောက်ချိန်တွင် MIRA သည် နိုင်ငံအဆင့်လူသားချင်းစာနာမှုဆိုင်ရာ ဌာနေအဖွဲ့ (HCT)၏ ကနဦး မဟာဗျူဟာဆိုင်ရာ ဦးစားပေးလုပ်ငန်းများနှင့် ရံပုံငွေတောင်းခံခြင်းအတွက် သတင်းအချက်အလက်များ ရရှိနိုင်ရန် လိုအပ်ချက်များ ပူးပေါင်းဆန်းစစ်ခြင်းနှင့် ခွဲခြမ်းစိတ်ဖြာခြင်းပြုလုပ်ရာတွင် အေဂျင်စီများအကြား ဘုံသဘောတူညီထားသည့် နည်းလမ်း ဖြစ်သည်။
MIRA တွင် အခြေခံကျသော အစိတ်အပိုင်းနှစ်ခုပါဝင်သည်။

၁) ဘေးမဖြစ်မီနှင့် ဖြစ်ပြီးနောက်ပိုင်း ရှိနေပြီးဖြစ်သော တဆင့်ခံ(Secondary)သတင်းအချက်အလက်များကို စုဆောင်းရန်နှင့် ခွဲခြမ်းစိတ်ဖြာရန် ကနဦးလေ့လာဆန်းစစ်မှု။

၂) လူသားချင်းစာနာမှုအခြေအနေနှင့် မဟာဗျူဟာဆိုင်ရာ ဦးစားပေး လုပ်ငန်းများအတွက် ဘုံ မျှော်မှန်းချက်ဖော်ဆောင်နိုင်ရန် ပူးပေါင်း လေ့လာ ဆန်းစစ်ခြင်း တို့ဖြစ်သည်။

**ရည်ရွယ်ချက်**

မြန်မာနိုင်ငံတွင် MIRA ကိုအသုံးပြုရသည့် မူလရည်ရွယ်ချက်မှာ ဘေးဒဏ်ခံရသော လူထုအား အကူအညီများ အဆောတလျင် ပေးအပ်ရသည့်အခါ လူသားချင်းစာနာမှုဆိုင်ရာ အသိုက်အဝန်းအနေဖြင့် ဆုံးဖြတ်ချက်ချမှတ်ရာတွင် အထောက်အကူဖြစ်စေရန် ဖြစ်သည်။ ရည်ရွယ်ချက်အလုံးစုံမှာ လူသားချင်းစာနာ မှုဆိုင်ရာ ဆုံးဖြတ်ချက်ချသူများအား ဘေးဖြစ်ပြီးစ အစောပိုင်းနေ့ရက်များတွင် ဖြစ်ပွားခဲ့သော ဘေး၏ သဘောသဘာဝနှင့် ပြင်းအားအခြေအနေတို့အားခြုံငုံနားလည်သဘောပေါက်စေရန်နှင့် ဆက်သွယ် ဆောင်ရွက်နိုင်ရန်၊ မဟာဗျူဟာမြောက် လူသားချင်းစာနာမှုဆိုင်ရာ ဦးစားပေးအစီအစဉ်များ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ပံ့ပိုးကူညီရန် ဖြစ်သည်။ MIRA သည်ပိုမိုအသေးစိတ်ကျ၍ လက်တွေ့ဆန်သော နောက်ဆက်တွဲလိုအပ်ချက် လေ့လာဆန်းစစ်မှုများနှင့် ခွဲခြမ်းစိတ်ဖြာမှုများအတွက် သတင်းအချက်အလက်ပေးခြင်းနှင့် အစီအစဉ်ရေးဆွဲမှုအပိုင်းတို့တွင် အထောက်အကူဖြစ်စေသည်။

အထူးသဖြင့် MIRA သည် ဘေးသင့်လူထု၏ လိုအပ်ချက်များနှင့် ရပ်ရွာအဆင့် ကနဦးအကူအညီများပေးအပ်ရန်ဦးစားပေးလုပ်ငန်းများအတွက် အဓိကကျသောသတင်းအချက်အလက်များ ထုတ်ဖော်ပေးခြင်းဖြင့် မူဘောင်ချမှတ် အကောင်အထည်ဖော်ရာတွင် ဖော်ပြပါ ရည်ရွယ်ချက်များကို ပံ့ပိုးပေးသည်။

- ဘေးသင့်ဒေသ၏ ပထဝီအနေအထား အကျယ်အဝန်း
- ထိခိုက်လွယ်သော အုပ်စုများအပါအဝင် (ကျား/မ နှင့် အသက်အရွယ်အရ) လူပေါင်းမည်မျှ ဘေးဒဏ်ခံခဲ့ရသနည်း။
- ဘေးကြောင့် မတူညီသော လူဦးရေအုပ်စုများအလိုက် မည်မျှထိခိုက်မှုရှိသနည်း။
- ဘေးကြောင့် အသက်မွေးဝမ်းကြောင်းလုပ်ငန်းများအပေါ် မည်သည့် အတိုင်းအတာအထိ သက်ရောက်မှုရှိသနည်း။
- ဘေးကြောင့် အခြေခံဝန်ဆောင်မှုများနှင့် ကုန်ပစ္စည်းများ ရယူအသုံးပြုနိုင်မှုအပေါ် မည်သို့သက်ရောက်မှုရှိသနည်း။
- ဘေးသင့်လူထု (အထူးသဖြင့် အမျိုးသမီးများ၊ မိန်းကလေးများနှင့် မသန်စွမ်းသူများ အပါအဝင် ထိခိုက်လွယ်သောအုပ်စုများ) အတွက် အခြေခံကာကွယ်စောင့်ရှောက်မှုဆိုင်ရာ စိုးရိမ်ပူပန်ဖွယ်ကိစ္စရပ်များ ရှိနေသလား။
- လိုအပ်ချက်ရှိနေသည့် လူဦးရေအချိုးအစားမည်မျှခန့်ဆီသို့ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများရောက်ရှိနိုင်ခဲ့သနည်း။ အကူအညီ ပေးအပ်ရာတွင် ဦးစားပေးရမည့် ကဏ္ဍများနှင့် အုပ်စုများကိုဖော်ပြပါ။

လက်လှမ်းမီမှု/ဝင်ရောက်ဆောင်ရွက်နိုင်မှု -

- အရေးပေါ်အခြေအနေ၏ သက်ရောက်မှုများနှင့်တုံ့ပြန်ဆောင်ရွက်ချက်များ လုပ်ဆောင်ရန် ရွေးချယ်စရာနည်းလမ်းများအရ ထောက်ပံ့ ပို့ဆောင်ရေး ဆိုင်ရာ ထည့်သွင်းစဉ်းစားရမည့်အချက်များကိုဖော်ပြပါ။
- ဘေးကင်းရေးနှင့် လုံခြုံရေးအတွက် ထည့်သွင်းစဉ်းစားရမည့်အချက်များကိုဖော်ပြပါ။
- ဝင်ရောက်ဆောင်ရွက်ခွင့်အပေါ် ကန့်သတ်ချက်များကြောင့် လူဦးရေ၏ အချိုးအစားမည်မျှ အများဆုံး ထိခိုက်ခံရသနည်း။

<u>MIRA မှ ရရှိနိုင်သည့် အရာများ</u>

- ဘေးသင့် နယ်မြေဒေသများနှင့် အုပ်စုများ၏ အရေးကြီးလိုအပ်ချက်များကို ကနဦး ဘုံနားလည်သဘောပေါက်မှုရှိစေခြင်း။

- ဘေးသင့် လူထု၏အသံ။
- ပိုမိုအသေးစိတ်ကျ၍ လုပ်ငန်းလည်ပတ်မှုဆန်သော နောက်ဆက်တွဲလိုအပ်ချက် လေ့လာဆန်းစစ်မှုများအတွက် အစီအစဉ်ရေးဆွဲရာတွင် လမ်းညွှန်ကြပ်မတ်ပေးမည့် သတင်းအချက်အလက်။
- တုံ့ပြန်ဆောင်ရွက်ရေး အစီအစဉ်များရေးဆွဲနိုင်ရန်ခိုင်လုံသောအထောက်အထား။
- ကနဦးလိုအပ်ချက် လေ့လာဆန်းစစ်ခြင်း (rapid needs assessment) အတွက် ကမ္ဘာလုံးဆိုင်ရာ အကောင်းဆုံး အလေ့အကျင့်များအပေါ် အခြေခံထားသည့် အေဂျင်စီများအကြားပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းစဉ်။

<u>MIRA မှ မရရှိနိုင်သည့် အရာများ</u>

- အသေးစိတ်ကျသော ဒေသအလိုက် လူသားချင်းစာနာမှုဆိုင်ရာ လုပ်ငန်းများအတွက် အစီအစဉ်ရေးဆွဲရာတွင် အတိအကျ လိုအပ်သည့် သတင်းအချက်အလက်။
- လူသားချင်းစာနာမှုဆိုင်ရာ လိုအပ်ချက်များကို အရေအတွက်အရခွဲခြမ်းစိတ်ဖြာမှု နည်းဖြင့် ခွဲခြမ်းစိတ်ဖြာရာတွင် ကိန်းဂဏန်းအတိအကျဖြင့် စုဆောင်းဖော်ပြထားသည့် သတင်းအချက်အလက်။
- အသေးစိတ် (သို့) အတွင်းကျကျ နက်နဲစွာဆောင်ရွက်မည့် ကဏ္ဍအလိုက် စစ်တမ်းများအတွက် အစားထိုးဆန်းစစ်ချက်အနေနှင့် အသုံးပြုနိုင်မှု။

**စစ်တမ်းကောက်ယူရာတွင် သုံးစွဲမည့်စနစ်/ နမူနာပုံစံ**

<u>တဆင့်ခံ (Secondary) သတင်းအချက်အလက်များ စုဆောင်းခြင်း (RNA SOPများကိုလည်းကြည့်ရန်။)</u>

ကြိုတင်ပြင်ဆင်မှု လုပ်ဆောင်နေဆဲအဆင့်တွင် ယခင်ရှိပြီးဖြစ်သော သတင်းအချက်အလက်များကို စာရင်းပြုစု ထားရှိရမည်။ ဘေးဖြစ်ပြီး ၄၈ နာရီအတွင်းတွင် အကြောင်းအရာအချက်အလက်များကို စုဆောင်းကာ စိစစ်လေ့လာပြီး အဆိုပါသတင်းအချက် အလက်များအပေါ် အခြေခံ၍ ကနဦးအစီရင်ခံစာ (ပျမ်းမျှ ၃-၆ စာမျက်နှာခန့်) အား အရေးပေါ် အခြေအနေဖြစ်ပွားပြီး ၇၂ နာရီအတွင်းတွင်အဆင်သင့် ရှိစေရမည်။ သတင်း အချက်အလက်များ ရယူနိုင်မည့်အရင်းအမြစ်များမှာ အစုအဖွဲ့နှင့် မိတ်ဖက် အဖွဲ့အစည်းများမှ လေ့လာဆန်းစစ်ချက်များ၊ မိုးလေဝသ နှင့် ဇလဗေဒ ညွှန်ကြားမှု ဦးစီးဌာန အပါအဝင် အခြားဆက်စပ်သည့် ယခင်အစိုးရ (သို့) လက်ရှိ အာဏာပိုင်များ၏ ထုတ်ပြန်ချက်များ၊ ပြည်တွင်းရှိ မိတ်ဖက်အဖွဲ့အစည်းများ၊ မီဒီယာများနှင့် ကုလသမဂ္ဂ၏ ဘေးကင်းရေးနှင့် လုံခြုံရေးဌာန (UNDSS) တို့ဖြစ်ပြီး အခြားသတင်းအရစ်အမြစ် များမှလည်း စုဆောင်းနိုင်သည်။ မေးမြန်းရမည့် အဓိကမေးခွန်းများမှာ -

- ဘေးဒဏ်ခံရသည့်နေရာကိုဖော်ပြပါ။
- ဘေးမဖြစ်မီ အခြေအနေ ကိုဖော်ပြပါ။
- ကြိုတင်သိရှိပြီးဖြစ်သော ဘေးဖြစ်ရပ်၏ ထိခိုက်စေမှုများ ကိုဖော်ပြပါ။
- ကြီးမားသော သတင်းအချက်အလက်ကွာဟမှုများ ရှိပါသလား။
- လက်ရှိဘေးဒဏ်ခံရသည့်နေရာ (သို့) ပတ်ဝန်းကျင်ဒေသများတွင် အလားတူဘေးများ ဖြစ်ပွားခဲ့ဖူးခြင်း ရှိပါသလား။
- ယခင်လေ့လာတွေ့ရှိချက်များ ကိုဖော်ပြပါ။
- အုပ်ချုပ်ရေးနယ်မြေ မည်မျှထိခိုက်သနည်း။
- ဘေးဒဏ်ခံရသည့်လူဦးရေ ပျမ်းမျှအရေအတွက် ကိုဖော်ပြပါ။ (ကျား/မနှင့် အသက်အရွယ်အလိုက် ခွဲခြားထားသည့် အချက်အလက် SADD+ မသန်စွမ်းသူများ Disability ရှိပါက ထည့်သွင်းဖော်ပြရန်)
- ယခင်က ရှိပြီးဖြစ်သော ထိခိုက်လွယ်မှုအကြောင်းအရာအချက်အလက်များ
- လက်ရှိနေထိုင်နေသော လူဦးရေနှင့် တည်နေရာအနေအထား
- အခြားသက်ဆိုင်မှုရှိသော အချက်အလက်များ

RNA လုပ်ဆောင်ပြီးပါက ကနဦးစူးစမ်းလေ့လာသည့် စစ်တမ်း (desk review) မှ တွေ့ရှိချက်များ နှင့် RNA တွေ့ရှိချက်များကို ပေါင်းစည်းကာ လူသားချင်းစာနာမှုဆိုင်ရာ မိတ်ဖက် အဖွဲ့အစည်းများ အကြား မျှဝေရမည့် အခြေအနေဆိုင်ရာ ခြုံငုံသုံးသပ်ချက် (situational overview)

တစ်ရပ် ထုတ်ပြန်စေနိုင်မည် ဖြစ်သည်။ ယင်းတွင် အောက်ပါတို့ ပါဝင်သည်။

၁) ဘေး၏ပြင်းထန်မှုနှင့် အတိုင်းအတာ

၂) ဘေးဖြစ်သည့် တည်နေရာ၊ ထိခိုက်ခံရသည့် ခန့်မှန်းခြေ လူဦးရေ နှင့် မတူညီသော ထိခိုက်ခံ အုပ်စုများအား ဖော်ထုတ်ခြင်း

၃) ကာလရှည်၊ ကာလလတ်နှင့် ကာလတို အလိုက် ဘေးသင့်လူထု၏လူသားချင်းစာနာမှုဆိုင်ရာ ဦးစားပေး လိုအပ်ချက်များ၊

၄) MIRA မှ ကိုင်တွယ်ဖြေရှင်းရန် လိုအပ်မည့် သတင်းအချက်အလက် ကွာဟချက်များ။

<u>အခြေခံ သတင်းအချက်အလက် (Primary data) ကောက်ယူခြင်း</u>

MIRA သည် အမျိုးမျိုးသော ပထဝီဝင် အနေအထား (နှင့်/သို့) ဘေးသင့် အုပ်စုများ၏ အခြေအနေများနှင့် ၎င်းတို့အပေါ် သက်ရောက်မှုများနှင့် စပ်လျဥ်းပြီး အများသဘောပေါက်နားလည်မှုကို ပိုမိုခိုင်မာစေရန် ရည်ရွယ်ပါသည်။ ယင်းတွင် အောက်ပါတို့ ပါဝင်သည်။

၁) မတူညီသော လူဦးရေအုပ်စုများအတွက် ဖြစ်ရပ်၏ သက်ရောက်မှုအတိုင်းအတာနှင့် ပြင်းထန်မှု ခန့်မှန်းချက်။

၂) ကဏ္ဍများအလိုက် ဦးစားပေးလိုအပ်ချက်များနှင့် ထိခိုက်ခံရသော အုပ်စုများ သို့မဟုတ် တည်နေရာဒေသများအလိုက် သက်ရောက်မှုများကို စိစစ်ဖော်ထုတ်ခြင်း။

၃) ဘေးကြောင့် ဆင့်ကဲပြောင်းလဲနိုင်ခြေကို ခန့်မှန်းခြင်းနှင့် ကာလတို၊ ကာလလတ်နှင့် ကာလရှည် အလိုက် လိုအပ်ချက်များ။

အဓိကသတင်းအချက်အလက်ပေးသူ (KI) နှင့် တွေ့ဆုံမေးမြန်းခြင်း- ရည်ရွယ်ချက်ရှိနမူနာပုံစံ (Purposive sampling) ကိုအသုံးပြုကာ မိမိကိုယ်စားပြုသော ကျေးရွာ၊ စခန်း၊ မြို့ တို့ကို ကောင်းစွာသိရှိနားလည်ပြီး မြေပြင်အခြေအနေများနှင့်စပ်လျဥ်းသော သတင်းအချက်အလက်များကို အကောင်းဆုံး ပံ့ပိုးပေးနိုင်သူများကို ရွေးချယ်သတ်မှတ်ထားရမည်။ နှင်းဘောလုံး နမူနာ (Snowball sampling) ကို ၎င်းတို့၏ရပ်ရွာအကြောင်း ကောင်းစွာနားလည်သိရှိသည့် အဓိကသတင်း အချက်အလက် ပေးနိုင်သူ KI များ နောက်ထပ် ရရှိရန် အသုံးပြုနိုင်သည်။

- အရွယ်အစား- MIRA အတွက် အဓိကသတင်းအချက်အလက် ပေးသူများသည် ဘေးသင့်လူထုတစ်ရပ်လုံးကို ကိုယ်စား ပြုသည့်အတွက်ကြောင့် အချက်အလက်များကို တိုက်ဆိုင်အတည်ပြုရန် နှင့် သတင်းအချက်အလက်များ ကောက်ယူရာတွင် ဘေးဒဏ်ခံရသည့်ဒေသ (စခန်း၊ ကျေးရွာ၊ မြို့) တိုင်းရှိ အဓိကသတင်းအချက်အလက်ပေးသူများ ထံမှ စစ်တမ်းကောက်ယူသင့်ပါသည်။ ဘေးဒဏ်ခံရသည့်နေရာတစ်ခုစီအတွက် အမျိုးသမီးများအပါအဝင် ကဏ္ဍတစ်ခုထက် ပိုသော (အောက်ဖော်ပြပါ) အဓိကသတင်းအချက်အလက်ပေးသူ ၃ ဦးထံမှ စစ်တမ်းကောက်ယူ သင့်သည်။
- လူကိုယ်တိုင်စစ်တမ်းကောက်ယူပါက တူညီသော နည်းလမ်း (သို့) စာရွက်ပုံစံကို အဓိကသတင်း အချက်အလက်ပေးသူများနှင့်အတူ ပိုမိုမြန်ဆန်စွာ စစ်တမ်းကောက်ယူနိုင်ရန်အတွက် အသုံးပြုနိုင်သည်။

အဓိကသတင်းအချက်အလက်ပေးသူများတွင် မိမိတို့၏ရပ်ရွာလူထုကို ကောင်းမွန်စွာနားလည်သိရှိပြီး မြေပြင်ပေါ်ရှိ အလုံးစုံလိုအပ်ချက်များကို ပြောဆိုနိုင်သည့် ရပ်ရွာအသိုင်းအဝိုင်း၏ အောက်ပါအဖွဲ့ဝင်များ၊ ကိုယ်စားလှယ်များ ပါဝင်နိုင်သည်။

- ဆရာ၊ ဆရာမများ။
- ကျန်းမာရေးလုပ်သားများ။
- ရပ်ရွာလူထုခေါင်းဆောင်များ။
- ဘာသာရေးခေါင်းဆောင်များ။
- စခန်း၊ စုရပ်ခေါင်းဆောင်များ။
- အမျိုးသမီးများ၊ မသန်စွမ်းသူများ (PWD) များနှင့် လိင်တူချစ်သူများ (LGBTIQ+) ကဏ္ဍအလိုက်အုပ်စုကိုယ်စားပြုသူများ (ဆန္ဒရှိ၍ လုပ်ဆောင်လိုပါက)။
- လူငယ်များနှင့် ကလေးများ (မိဘအုပ်ထိန်းသူ၏ ခွင့်ပြုချက်ဖြင့်)။
- မြေပြင်အခြေအနေများအား သိရှိသော ပြည်တွင်းအဖွဲ့အစည်းများမှ ဝန်ထမ်းများ (သို့) စေတနာ့ဝန်ထမ်းများ။
- အခြားသက်ဆိုင်မှုရှိသော အဓိကသတင်းအချက်အလက်ပေးသူများ။

အမျိုးသမီးများနှင့် မိန်းကလေးများအား ဦးတည်အုပ်စုလိုက်ဆွေးနွေးစေခြင်း (FGDs)- နောက်ထပ် ဦးတည်အုပ်စုလိုက် ဆွေးနွေး စေခြင်းများကို အမျိုးသမီးများနှင့် မိန်းကလေးများသာ စုစည်းပြီး အမျိုးသမီး ဆန်းစစ်ရေးအဖွဲ့ဝင်များမှ ဝိုင်းဝန်းကူညီ ဆောင်ရွက် ပေးရမည်။ အဆိုပါ

FGD များတွင် မသန်စွမ်းသူများ အပါအဝင် အမျိုးသမီးများနှင့် မိန်းကလေးများအတွက် ဘေးကင်းရေး၊ လုံခြုံရေး၊ လက်လှမ်းမီမှု၊ ပါဝင်ဆောင်ရွက်မှုနှင့် ဝန်ဆောင်မှုများနှင့်ဆိုင်သော မေးခွန်းများ ထည့်သွင်းဆွေးနွေးရမည်။ အချိန်ရပါက FGD နှစ်ခုကို သီးခြားစီပြုလုပ်သင့်ပြီး တစ်ခုမှာ အမျိုးသမီးများနှင့်ဖြစ်ပြီး တစ်ခုမှာ မိန်းကလေးများအတွက် ဖြစ်သည်။

**သတင်းအချက်အလက်ကာကွယ်ရေးနှင့် မျှဝေခြင်း**

- စစ်တမ်းကောက်ယူသူများအနေနှင့် ဆက်လက်ဆက်သွယ်ရန်လိုအပ်သည့် ကိစ္စများအတွက် အဓိကဆက်သွယ် ရမည့်သူ နှင့် ဒုတိယ ဆက်သွယ်ရမည့်သူ (လိုအပ်ပါက) ၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ခြင်းများမှအပ စာရွက်ပုံစံများ (သို့) KoBo တွင် ကိုယ်ရေးအချက်အလက် များကို မှတ်တမ်းယူထားခြင်းမပြုရပါ။ ၎င်းအချက်အလက်များကို စစ်တမ်းကောက်ယူသည့် အဖွဲ့အစည်း (နှင့်/သို့) OCHA မှအပ အခြားသို့ဖြန့်ဝေခြင်းများ မပြုလုပ်ရပါ။ အခြားအမည်များ၊ ကိုယ်ရေးအချက်အလက်များ (သို့) စခန်းအမှတ်များကို ကောက်ယူခြင်း မပြုလုပ်ရပါ။
- အီလက်ထရောနစ်ဖောင်များကို အင်တာနက် (ဝိုင်ဖိုင် သို့ 4G) ရသည်နှင့်တပြိုင်နက်ပေးပို့ရမည်။ အဆိုပါဖောင်များကို KoBo ဆာဗာတို့ ပေးပို့ပြီးသည်နှင့်တပြိုင်နက် tablet များနှင့် ဖုန်းများမှပယ်ဖျက်ရမည်။ ဖောင်များကို ပေးပို့ပြီးစီးခြင်း ရှိ/မရှိနှင့် ပယ်ဖျက်ပြီးခြင်း ရှိ/မရှိသေချာစေရန် Tablet များနှင့် ဖုန်းများကို နေ့စဉ် စစ်ဆေးရမည်။ Tablet များနှင့် ဖုန်းများကို အကာအကွယ်မဲ့ထားရှိခြင်းများ မပြုလုပ်ရန်နှင့် စကားဝှက်ဖြင့် ကာကွယ်ထားရန်ဖြစ်သည်။
- စာရွက်ပုံစံများဖြင့် စစ်တမ်းကောက်ယူပြီးပါက အဆိုပါစာရွက်များကို ကားထဲတွင် အကာအကွယ်မဲ့ ထားရှိခြင်း များနှင့် အိမ်သို့ယူဆောင်သွားခြင်းများ မပြုလုပ်ရပါ။ ဖြည့်စွက်ပြီးစာရွက်ပုံစံ များကို လေ့လာ ဆန်းစစ်ရေး ညှိနှိုင်းရေးမှူးထံသို့ ချက်ခြင်းပို့ဆောင်ရမည်။ စာရွက်များကိုတိုက်ရိုက် ပို့ဆောင်နိုင်ခြင်းမရှိပါက Soft copy အဖြစ် လုံခြုံစိတ်ချရသော အွန်လိုင်းပေါ်ရှိ လမ်းကြောင်းများဖြင့် ပို့ဆောင်ကာ၊ ပြီးစီးသည်နှင့်တပြိုင်နက်ပယ်ဖျက်ရမည်။ အီးမေးလ်ဖြင့်ပို့ဆောင်ပါက စကားဝှက် အသုံးပြုကာပို့ဆောင်ရမည်ဖြစ်ပြီး အဆိုပါစကားဝှက်ကို သီးခြားပေးပို့ ထားသင့်သည်။
- လေ့လာဆန်းစစ်ရေး ညှိနှိုင်းရေးမှူးနှင့် အဖွဲ့ကသာ ပေးပို့ထားသည့်အချက်အလက်အကြမ်း သတင်း အချက်အလက် အပြည့်အစုံကို ကြည့်ရှုနိုင်မည်ဖြစ်သည်။ နောက်ဆုံးအဆင့်တင်ပြချက်များနှင့် ဝေမျှပြီးဖြစ်သော သတင်းအချက်အလက်များကို အမည်မသိ ဖြေဆိုချက်များအဖြစ် ပြောင်းလဲမည်ဖြစ်ပြီး ထိုသို့ပြောင်းလဲ ပြီးစီးသည်နှင့် တပြိုင်နက်လေ့လာဆန်းစစ်ရေး ညှိနှိုင်းရေးမှူးမှ OCHA သို့ အမြန်ဆုံး ပေးပို့ရမည်ဖြစ်သည်။
- ကြိုတင်ပြုစုပြီးဖြစ်သော အဓိကသတင်းအချက်အလက်ပေးသူများစာရင်းကို ရုတ်တရက် အရေးပေါ်အခြေအနေ ဖြစ်ပွားခဲ့သော် အသုံးပြုနိုင်ရန် ထိုသူတို့၏ သဘောဆန္ဒကိုရယူကာ ယုံကြည်မှုတည်ဆောက်ထားသော ဒေသတွင်း မိတ်ဖက်အဖွဲ့များထံတွင် သိမ်းဆည်း ထားရှိမည်ဖြစ်သည်။ ဆက်သွယ်ရန်အချက်အလက်များကို လိုအပ်သည့် အချက်အလက်များသာ ထည့်သွင်းထားမည် ဖြစ်ပြီး စကားဝှက်အသုံးပြုကာ လျှို့ဝှက်ထားရှိမည်ဖြစ်သည်။ အဆိုပါအချက်အလက်များကို အခြားသို့ ဝေမျှခြင်းမပြုရပါ။
- ထုတ်ဖော်ပြောဆိုမှု မပြုရန် သဘောတူညီချက်များ(non-disclosure agreements)ကို သတင်းအချက်အလက် ကောက်ခံသည့် အဖွဲ့အစည်း/ပုဂ္ဂိုလ်များအကြား လက်မှတ်ရေးထိုးထားရမည်။

**အဆင့်များ၊ လုပ်ဆောင်ချက်များနှင့် တာဝန်ခွဲဝေမှုများ**

| အဆင့် | အချိန်ကာလ | လုပ်ငန်းစဥ်များ/လုပ်ဆောင်ချက်များ | ဦးဆောင်သူ | ပါဝင်ဆောင်ရွက်သူများ |
|---|---|---|---|---|
| **ကြိုတင်ပြင်ဆင်ခြင်း** | အရေးပေါ်အခြေအနေများ ရုတ်ချည်း မဖြစ်ပွားမီ | လူသားချင်းစာနာမှု လိုအပ်ချက်များကို စောင့်ကြည့်လေ့လာခြင်း | OCHA | အစုအဖွဲ့ညှိနှိုင်းရေးမှူးများ၊ လူသားချင်းစာနာမှုဆိုင်ရာ မိတ်ဖက်များ |
| | | မိတ်ဖက်အဖွဲ့များမှ ရှိပြီးအချက်အလက်များကို တဆင့်ခံ (Secondary) သတင်းအချက်အလက် အရင်းအမြစ်အဖြစ် စုစည်းကာစာရင်းပြုစုခြင်း။ | OCHA | အစုအဖွဲ့ညှိနှိုင်းရေးမှူးများ (အကြောင်းအရာလိုက် အကြံပေးများ/ လုပ်ငန်းအဖွဲ့များ/ AoR များ၏ ပံ့ပိုးမှုဖြင့်) |
| | | တုံ့ပြန်ဆောင်ရွက်မှုကို တည်ဆောက်နိုင်ရန် တည်ရှိပြီးဖြစ်သော လူသားချင်းစာနာမှုဆိုင်ရာ တုံ့ပြန်ဆောင်ရွက်သူများနှင့် ရပ်ရွာအတွင်း ကူညီထောက်ပံ့ရေး ယန္တရားများအား သတ်မှတ်ခြင်း။ | OCHA | အစုအဖွဲ့ညှိနှိုင်းရေးမှူးများ၊ လူသားချင်းစာနာမှုဆိုင်ရာ မိတ်ဖက်များ |
| | | သဟဇာတဖြစ်အောင် ဆောင်ရွက်ထားသော MIRA tool များ (ပုံစံ၊ KoBo) ကို တည်ဆောက်ခြင်း။ | OCHA/ NMA WG | ICCG |
| | | အချက်အလက်ကောက်ယူခြင်း၊ ခွဲခြမ်းစိတ်ဖြာခြင်း၊ အစီရင်ခံစာ မူကြမ်းပြုစုခြင်းအတွက် နည်းပညာဆိုင်ရာစွမ်းရည်ရှိသည့် အဓိက တာဝန်ရှိသူများစာရင်းကို ကြိုတင်ပြုစုထားခြင်း။ အဆိုပါစာရင်းကိုပုံမှန် ပြင်ဆင်မွမ်းမံခြင်း။ | OCHA | ICCG<br>NMA WG |
| | | MIRA စစ်တမ်းကောက်ယူခြင်းနှင့် တုံ့ပြန်ဆောင်ရွက်မှုများအတွက် ဒေသတွင်းမိတ်ဖက်အဖွဲ့များကို ကြိုတင်သတ်မှတ် ထားရှိခြင်းနှင့် အချိန်နှင့်တပြေးညီ ပြုပြင်မွမ်းမံခြင်း။ | OCHA | ICCG<br>NMA WG |
| | | ဒေသအလိုက် သတင်းအချက်အလက်ပေးသူများ ကို ကြိုတင်သတ်မှတ် ထားရှိခြင်းနှင့် အချိန်နှင့်တပြေးညီ ပြုပြင်မွမ်းမံခြင်း။ | OCHA<br>NMA WG | လေ့လာဆန်းစစ်ရေးအဖွဲ့ များ |
| | | MIRA စစ်တမ်းကောက်ယူရာတွင် သုံးစွဲမည့်စနစ်နှင့် ညှိနှိုင်းဆောင်ရွက်မှု များအတွက် သင်တန်းများ ပေးခြင်း။ | OCHA<br>NMA WG | လေ့လာဆန်းစစ်ရေးအဖွဲ့ များ |
| **တဆင့်ခံ(Secondary) သတင်းအချက်အလက်များကို ပြန်လည်သုံးသပ်ခြင်း။** | (ဖြစ်နိုင်လျှင် ယခင် RNA SOP ကို ကြည့်ပါ)<br><br>ဖြစ်ရပ်ဖြစ်ပွားပြီး ၂၄-၄၈ နာရီအတွင်း | ရရှိနိုင်သော တဆင့်ခံ (Secondary) အချက်အလက်များကို ကြိုတင် စုဆောင်း/မျှဝေခြင်း၊ ဘေးမတိုင်မီနှင့် နောက်ပိုင်း ထပ်ဆောင်းအချက်အလက် များကို စုစည်းခြင်း။ | လေ့လာဆန်းစစ်ရေးညှိနှိုင်းရေးမှူး | အစုအဖွဲ့ညှိနှိုင်းရေးမှူးများ၊ အစုအဖွဲ့ IMOများ၊ သက်ဆိုင်သော ပါဝင်ပတ်သက်သူများ/ မိတ်ဖက်အဖွဲ့အစည်းများ (အကြောင်းအရာလိုက် အကြံပေးများ/ လုပ်ငန်းအဖွဲ့များ/ AoR များ၏ ပံ့ပိုးမှုဖြင့်) |
| | | ရှိနေသောတဆင့်ခံ (Secondary)သတင်းအချက်အလက်များကို စုစည်း/စိစစ်လေ့လာခြင်း။ | ICCG<br>လေ့လာဆန်းစစ်ရေးညှိနှိုင်းရေးမှူး | အစုအဖွဲ့ညှိနှိုင်းရေးမှူးများ၊ အစုအဖွဲ့ IMOများ၊ သက်ဆိုင်သော ပါဝင်ပတ်သက်သူများ/ မိတ်ဖက်အဖွဲ့အစည်းများ |

| | | | | |
|---|---|---|---|---|
| | | | | (အကြောင်းအရာလိုက် အကြံပေးများ / လုပ်ငန်းအဖွဲ့များ/ AoR များ၏ ပံ့ပိုးမှုဖြင့်) |
| | ၇၂ နာရီအတွင်း | ရှိနေပြီးဖြစ်သော RNA နှင့် တဆင့်ခံ (Secondary)သတင်း အချက်အလက်များအပေါ် မူတည်၍ ကနဦးတွေ့ရှိချက်များ၊ တင်ပြချက်များ ထုတ်ပြန်ခြင်း။ | လေ့လာဆန်းစစ် ရေးညှိနှိုင်းရေးမှူး | ကွင်းဆင်းလေ့လာဆန်းစစ် ရေးအဖွဲ့ ညှိနှိုင်းရေးမှူး လေ့လာဆန်းစစ်ရေးအဖွဲ့ |
| **အရေးပေါ် အစည်းအဝေး** | (သင့်လျော်မှုရှိသော ယခင် RNA SOP များကို ကြည့်ပါ)<br>၁။ RNA တွေ့ရှိချက် များအရ နောက်ထပ် သတင်း အချက် အလက်များ လိုအပ်သည့်အခါ သို့မဟုတ် တုံ့ပြန်မှုတစ်ခု မလွဲမသွေဆောင်ရွက် ရတော့မည့်အခါ<br>၂။ ကြိုတင် သတိပေးချက် ရရှိချိန်တွင် တုံ့ပြန် ဆောင်ရွက်မှုလိုအပ် လာဖွယ်ခြေရှိသော ဘေးအန္တရာယ်ကို သိရှိ ချိန်တွင် ပြုလုပ်ပါ။<br>၃။ တုံ့ပြန်ဆောင် ရွက်ရန် လိုအပ်ကြောင်း ညွှန်ပြသည့် တဖြည်းဖြည်းဖြစ်ပွား ခြင်းဖြင့် ဖြစ်တတ်သော ဘေးအန္တရာယ်များ အစပျိုးသည့်အချိန် | RNA ၏ အဓိက တွေ့ရှိချက်များကို ပြန်လည်သုံးသပ်ပြီး သဘောတူအတည်ပြုခြင်းကဏ္ဍစုံ အခြေခံဒေတာကောက်ခံခြင်း (MIRA) နှင့် တုံ့ပြန်မှုတို့ စတင်ဆောင်ရွက်ရန် လိုအပ်ခြင်းရှိမရှိ ဆွေးနွေးခြင်း။ | ICCG | NMA WG<br>အစုအဖွဲ့ ညှိနှိုင်းရေးမှူးများ လေ့လာဆန်းစစ်ရေးအဖွဲ့ |
| | | MIRA ဆောင်ရွက်ရန် ဆုံးဖြတ်ခြင်း။ | ICCG | NMA WG |
| | | သီးခြားညှိနှိုင်းဆောင်ရွက်ရေးတာဝန်များ သတ်မှတ်ခြင်း။<br>• အလုံးစုံ ညှိနှိုင်းဆောင်ရွက်ရေး ဦးဆောင်ခြင်း။သတင်းအချက်အလက် စုဆောင်းရေး ညှိနှိုင်း ဆောင်ရွက်ခြင်း။<br>• ရပ်ရွာလူထုအဆင့် ညှိနှိုင်းဆောင်ရွက်ရေးမှူးနှင့် အဖွဲ့။<br>• သတင်းအချက်အလက်များ စီမံခန့်ခွဲရာတွင်ညှိနှိုင်းဆောင်ရွက်ခြင်း။ | OCHA<br>NMA WG | အစုအဖွဲ့ ညှိနှိုင်းရေးမှူးများ အစုအဖွဲ့ IMOများ |
| **အခြေခံ (Primary)သတင်း အချက်အလက် စုဆောင်းခြင်း** | အတိုင်းအတာ/နမူနာ အရွယ်အစား၊ မိတ်ဖက် အရေအတွက်၊ စသည်တို့အပေါ် | MIRA ၏ နယ်ပယ်ကို သတ်မှတ်ပါ။ (စခန်းများ၊ ကျေးရွာများ၊ မြို့များ။ ဖြေဆိုသူများ၏ နမူနာပုံစံ အရွယ်အစား၊ စစ်တမ်းကောက်ခံမှုပုံစံ - အဝေးမှကောက်ခံခြင်း/ လူကိုယ်တိုင် ကောက်ခံခြင်း) | လေ့လာဆန်းစစ် ရေးညှိနှိုင်းရေးမှူး | ကွင်းဆင်းလေ့လာဆန်းစစ် ရေး အဖွဲ့ ညှိနှိုင်းရေးမှူး လေ့လာဆန်းစစ်ရေးအဖွဲ့ |
| | | ကွင်းဆင်းလေ့လာမှုဆိုင်ရာ ဆက်နွယ်မှုအဆင့်များကို ပြန်လည်အတည်ပြုပြီး MIRA ဆန်းစစ်လေ့လာရေး | လေ့လာဆန်းစစ် ရေးညှိနှိုင်းရေးမှူး | ကွင်းဆင်းလေ့လာဆန်းစစ် ရေး အဖွဲ့ ညှိနှိုင်းရေးမှူး |

| | | | | |
|---|---|---|---|---|
| | မူတည်သည့် အချိန်ဇယား | အဖွဲ့ဖွဲ့စည်းခြင်း။ | | လေ့လာဆန်းစစ်ရေးအဖွဲ့ |
| | | ဒေသတွင်း မိတ်ဖက်အဖွဲ့များ၊ လူထုခေါင်းဆောင်များ၊ ဆရာ/ဆရာမများ အစရှိသူတို့ကြားအဓိကသတင်းပေးသူများ (စခန်း၊ ကျေးရွာ၊ အုပ်ချုပ်မှုအဆင့်) ကို သတ်မှတ်ထားရှိခြင်း။ | လေ့လာဆန်းစစ် ရေးညှိနှိုင်းရေးမှူး | ကွင်းဆင်းလေ့လာဆန်းစစ် ရေး အဖွဲ့ ညှိနှိုင်းရေးမှူး လေ့လာဆန်းစစ်ရေးအဖွဲ့ |
| | | လိုအပ်သော တာဝန်ထမ်းဆောင်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် ထောက်ပံ့ပို့ဆောင်ရေးအတွက် အစီအမံများကို လိုအပ်သလို ပြင်ဆင်ဆောင်ရွက်ခြင်း။ | လေ့လာဆန်းစစ် ရေးညှိနှိုင်းရေးမှူး | ကွင်းဆင်းလေ့လာဆန်းစစ် ရေး အဖွဲ့ ညှိနှိုင်းရေးမှူး လေ့လာဆန်းစစ်ရေးအဖွဲ့ |
| | | MIRA စစ်တမ်း ကောက်ယူခြင်း။ | လေ့လာဆန်းစစ် ရေးညှိနှိုင်းရေးမှူး | ကွင်းဆင်းလေ့လာဆန်းစစ် ရေး အဖွဲ့ ညှိနှိုင်းရေးမှူး လေ့လာဆန်းစစ်ရေးအဖွဲ့ |
| **ခွဲခြမ်းစိတ်ဖြာခြင်း** | အချက်အလက်ကောက်ခံမှု ပြီးစီးပြီး ၁-၂ ပတ်အတွင်း | MIRA သတင်းအချက်အလက်များရှင်းလင်းခြင်း၊ စီမံပြုပြင်ခြင်းနှင့် ကနဦးဆန်းစစ်လေ့လာခြင်း | လေ့လာဆန်းစစ် ရေးညှိနှိုင်းရေးမှူး | IMO |
| | | ခွဲခြားသတ်မှတ်ထားသော သတင်းအချက်အလက်များ/ဆန်းစစ်လေ့လာမှုကို OCHA/NMA WG နှင့်ဝေမျှခြင်း။ | လေ့လာဆန်းစစ် ရေးညှိနှိုင်းရေးမှူး | |
| | | ကဏ္ဍအဆင့်အလိုက် အဓိကလိုအပ်ချက်များနှင့် ကွာဟမှုများကို သတ်မှတ်ဖော်ထုတ်ရန် အခြေခံ(Primary)နှင့်တဆင့်ခံ(Secondary) အချက်အလက်များကို ဆန်းစစ်လေ့လာခြင်း။ | OCHA/NMA WG | အစုအဖွဲ့ ညှိနှိုင်းရေးမှူးများ လေ့လာဆန်းစစ်ရေးအဖွဲ့ |
| | | ကဏ္ဍများအကြား ပူးတွဲ ဆန်းစစ်လေ့လာခြင်းနှင့် စပ်လျဉ်း၍ သဘောတူခြင်း။ | OCHA/NMA WG | အစုအဖွဲ့ ညှိနှိုင်းရေးမှူးများ လေ့လာဆန်းစစ်ရေးအဖွဲ့ |
| | | ပူးတွဲသတ်မှတ်ထားသော ကဏ္ဍများအကြား လူသားချင်းစာနာမှု ဦးစားပေး လိုအပ်ချက် များကို အတည်ပြုပြီး HCT၊ ICCG၊ သက်ဆိုင်ရာ ကွင်းဆင်းဆောင်ရွက်နေသည့် မိတ်ဖက်များနှင့် ကနဦး တွေ့ရှိချက်များကို မျှဝေခြင်း။ | OCHA/ NMA WG | အစုအဖွဲ့ ညှိနှိုင်းရေးမှူးများ လေ့လာဆန်းစစ်ရေးအဖွဲ့ |
| **အစီရင်ခံခြင်း နှင့် ဖြန့်ဝေခြင်း** | အချက်အလက် ဆန်းစစ်လေ့လာမှု နှင့် ကနဦး တွေ့ရှိချက်များ ပြီးစီးပြီး ၁-၂ ပတ်အတွင်း | အခြေခံ (Primary) နှင့် တဆင့်ခံ (Secondary) အချက်အလက်များ ပေါင်းစပ်လျက် MIRA အစီရင်ခံစာကို ပြုစုခြင်း။ | OCHA/NMA WG | အစုအဖွဲ့ ညှိနှိုင်းရေးမှူးများ လေ့လာဆန်းစစ်ရေးအဖွဲ့ |
| | | MIRA အစီရင်ခံစာကို မြန်မာဘာသာသို့ ဘာသာပြန်ဆိုခြင်း။ | OCHA/NMA WG | အစုအဖွဲ့ ညှိနှိုင်းရေးမှူးများ လေ့လာဆန်းစစ်ရေးအဖွဲ့ |
| | | MIRA အစီရင်ခံစာကို ထုတ်ပြန်ခြင်း။ | OCHA/NMA WG | အစုအဖွဲ့ ညှိနှိုင်းရေးမှူးများ လေ့လာဆန်းစစ်ရေးအဖွဲ့ |

**အဓိက ပါဝင်သူများနှင့် လုပ်ငန်းများ**

| ပါဝင်သူများ | အဓိကလုပ်ငန်းများ |
|---|---|
| လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးမှူး (HC) | - လိုအပ်ပါက လုပ်ငန်းစဉ်အား စတင်စေခြင်းနှင့် လူသားချင်း စာနာမှုဆိုင်ရာအဖွဲ့များ၏ ဘုံသဘောထားကို ကိုယ်စားပြုထင်ဟပ်စေသည့် သတင်းစကားတစ်ရပ် ပူးတွဲထုတ်ပြန်ခြင်း။ |
| လူသားချင်းစာနာမှုဆိုင်ရာ နိုင်ငံအဆင့်အဖွဲ့ (HCT) | - စစ်တမ်းအတွက် အစီအစဉ်ရေးဆွဲခြင်း၊ ပုံစံထုတ်ခြင်းနှင့် စစ်တမ်း ကောက်ယူခြင်းတို့တွင် ပါဝင်စေရန် အဖွဲ့အစည်းအသီးသီးမှ ဝန်ထမ်းများအား တာဝန်ပေးခြင်း။ |

| | |
|---|---|
| | - စစ်တမ်းတွေ့ရှိချက်နှင့် လူသားချင်းစာနာမှုဆိုင်ရာ ဦးစားပေးလိုအပ်ချက်များအတွက် ကဏ္ဍပေါင်းစုံအကြား အကဲဖြတ်မှုကို အတည်ပြုထောက်ခံခြင်း။ |
| လေ့လာဆန်းစစ်ရေး ညှိနှိုင်းရေးမှူး (AC) | - MIRA လုပ်ငန်းစဉ် တစ်ခုလုံး၏ ပေါင်းစပ်ညှိနှိုင်းရေး အားကွပ်ကဲပေးခြင်း၊ ဆန်းစစ်ရေးအဖွဲ့တွင် အဓိကကျသည့် လူသားချင်းစာနာမှုဆိုင်ရာ ဆောင်ရွက်သူများ ပါဝင်လာစေရန် တိုက်တွန်းအားပေးခြင်း၊ MIRA ၏အဓိကကျသော ရလာဒ်များကို ထုတ်ပြန်မျှဝေခြင်း။<br>- ပုံမှန်အားဖြင့် HC ၏ တာဝန်ပေးအပ်မှုအရ OCHA မှတာဝန်ယူရပါမည်။ |
| လေ့လာဆန်းစစ်ရေးအဖွဲ့ (AT)- လေ့လာဆန်းစစ်ရေး ညှိနှိုင်းရေးမှူး၊ ကိုယ်စားလှယ် သို့မဟုတ် သင့်လျော်သော အဖွဲ့အစည်းသည် ပူးတွဲဥက္ကဋ္ဌအဖြစ် ဆောင်ရွက်နိုင်သည်။ | - အစုအဖွဲ့စုံ/ကဏ္ဍစုံ ပေါင်းစည်းထားသောအဖွဲ့ (HCT၊ ICCG၊ NNGO၊ MRCS) မှလေ့လာဆန်းစစ်ချက် စစ်တမ်းများလုပ်ဆောင်ရာတွင် ပုံစံထုတ်ခြင်း၊ အစီအစဉ် ချမှတ်ခြင်း၊ ပေါင်းစပ်ညှိနှိုင်းခြင်းနှင့် တူညီသောဘုံချဉ်းကပ်မှုဖြင့် ဆောင်ရွက်ခြင်း၊ တဆင့်ခံ (Secondary)နှင့် အခြေခံ(Primary)အချက်အလက်များ စုဆောင်းခြင်း၊ ကဏ္ဍများအကြား အကဲဖြတ်ခြင်း၊ MIRA ရလဒ်များအား ဖြန့်ဝေရန်နှင့် ပြင်ဆင်ခြင်းတို့အ◌ာ◌း ပံ့ပိုးရန်တာဝန်ရှိသည်။<br>- လိုအပ်သောကျွမ်းကျင်မှုများမှာ အများပါဝင်မှုရှိစေသော ကွင်းဆင်းသုတေသန နည်းလမ်းများ၊ ဆန်းစစ်ခြင်း၊ ခွဲခြမ်းစိတ်ဖြာခြင်း။<br>- ဖြစ်နိုင်ပါက ကျား-မ ဟန်ချက်ညီသောဖွဲ့စည်းမှုရှိစေရန် ရည်ရွယ်ဆောင်ရွက်ခြင်း။ |
| သတင်းအချက်အလက် စီမံခန့်ခွဲမှု အရာရှိ (IMO) | - ဘေးမဖြစ်မီနှင့်ဖြစ်ပြီး သတင်းအကြောင်းအရာများနှင့် ခွဲခြမ်းစိတ်ဖြာပြီးဖြစ်သော တဆင့်ခံ (Secondary) သတင်းအချက်အလက်များ ပေါင်းစုရာတွင် ကူညီပံ့ပိုးပေးခြင်း ။<br>- ကိန်းဂဏန်းအချက်အလက်ဖြည့်သွင်းခြင်း။ စစ်တမ်းအချက်အလက်များအား စုစည်းကာ စာရင်း ပြုစုရာတွင် စီမံခန့်ခွဲခြင်း၊  အခြားသတင်းအချက်အလက်များ၊ လိုအပ်ချက်များနှင့် ကိုက်ညီမှုရှိစေရန် ဆောင်ရွက်ခြင်း၊ ကိန်းဂဏန်းအချက်အလက်များ၊ မြေပုံများနှင့် ဇယားများထုတ်လုပ်ခြင်း။<br>- လေ့လာဆန်းစစ်ရေးအဖွဲ့တွင် အဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်ပြီး လေ့လာဆန်းစစ်ရေးညှိနှိုင်းရေးမှူးထံ အစီရင်ခံခြင်း။ |
| အစုအဖွဲ/ကဏ္ဍများက ဦးဆောင်သည့် ညှိနှိုင်းရေးအဖွဲ့ (ICCG) | - ကဏ္ဍ၊ အစုအဖွဲ့များမှ အဖွဲ့ဝင်များအား လေ့လာဆန်းစစ်ရေးအဖွဲ့အတွင်း စစ်တမ်းအစီအစဉ်ရေးဆွဲခြင်း၊ ပုံစံထုတ်ခြင်း၊ အကောင်အထည်ဖော်ခြင်းနှင့် တစ်ဆင့်ခံသတင်းအချက်အလက်များအား သုံးသပ်ခြင်းနှင့် အကဲဖြတ်ခြင်း အစရှိသည်တို့တွင် လိုအပ်သလို ပါဝင်လုပ်ဆောင်စေခြင်း။<br>- MIRA ပထမနှင့် ဒုတိယ အဆင့်များအတွက် အခြေခံ (Primary) နှင့် တဆင့်ခံ (Secondary) အချက်အလက်များအားစုစည်းခြင်းနှင့် အကဲဖြတ်ခြင်း။<br>- အခြေခံ (Primary) နှင့် တဆင့်ခံ(Secondary) သတင်းအချက်အလက်များကို အကဲဖြတ်ရာတွင် ကျွမ်းကျင်သည့်စီမံခန့်ခွဲမှုဖြင့် ဆောင်ရွက်ခြင်း။<br>- MIRA နှင့် ပတ်သက်သော လုပ်ငန်းတိုင်းတွင် ပါဝင်ဆောင်ရွက်ခြင်း။ |
| အစုအဖွဲ့ညှိနှိုင်းရေးမှူးများ (အကြောင်းအရာလိုက် အကြံပေးများ / လုပ်ငန်းအဖွဲ့များ/ AoR များ တို့၏ ပံ့ပိုးမှုဖြင့်) | - MIRA လုပ်ငန်းစဉ်အတွက် သတင်းအချက်အလက်ဝေမျှခြင်း (နှင့်/သို့) စစ်တမ်းကျွမ်းကျင်သူများ(နှင့်/သို့) သတင်းအချက်အလက်စီမံခန့်ခွဲသူများအား ခန့်အပ်ခြင်းဖြင့် ပါဝင်လှုပ်ရှားခြင်း။ |
| ကွင်းဆင်းလေ့လာဆန်းစစ် ရေးအဖွဲ့ ညှိနှိုင်းရေးမှူး (FATC) | - လေ့လာဆန်းစစ်ညှိနှိုင်းရေးမှူး၏ တာဝန်ပေးချက်အရ ကွင်းဆင်းအဖွဲ့ခေါင်းဆောင်သည် ကွင်းဆင်းစစ်တမ်းကောက်ယူမည့် အဖွဲ့များအား ဦးဆောင်ရမည်။<br>- သတင်းအချက်အလက်ကောက်ယူခြင်း၊ အကဲဖြတ်ခြင်းနှင့် ကွင်းဆင်းအခြေအနေအား ပြန်လည်ရှင်းလင်းခြင်းတို့တွင် သဘောတူညီထားသည့် နည်းလမ်းများနှင့် စံနှုန်းထားတို့နှင့် အညီ ဆောင်ရွက်ခြင်း။<br>- တွေ့ရှိချက်များနှင့် သတင်းအချက်အလက် အကြမ်းတို့အား ပြုစုကာ  လေ့လာဆန်းစစ်ညှိနှိုင်းရေးမှူးဆီသို့ အချိန်မီပို့ဆောင်ခြင်း။ |